# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 6, 2020 | Volume 28, Number 4


**၆.၂.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၁/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၅၂/- ကျပ် |
| CBM Rate | = ၁၄၄၉.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၅၀.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၉၁.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၃.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ= | ၉၇၉.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၁.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၇၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ပြင်သစ်လုပ်ငန်းရှင်များနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံ



မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် ပြင်သစ်လုပ်ငန်းရှင်များနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့တွေ့ဆုံခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Christian Lechervy ဦးဆောင်သော ပြင်သစ်နိုင်ငံမှ MEDEF International စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတို့နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် ပြင်သစ်ကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအခွင့်အလမ်းများနှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့်အခြေခံအဆောက်အအုံကဏ္ဍတို့၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအလားအလာများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်ဟု သတင်းထုတ်ပြန်ချက်အရ သိရသည်။

MEDEF International သည် ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များ ကွန်ဖက်ဒရေးရှင်းကို ကိုယ်စားပြုသည့်အဖွဲ့အစည်း တစ်ခုဖြစ်ကြောင်းနှင့် ပြင်သစ်စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် ပြင်သစ်ကုမ္ပဏီများမှ လုပ်ငန်းရှင်ကိုယ်စားလှယ် စုစုပေါင်း ၂၈ ဦး လိုက်ပါလာကြောင်းသိရသည်။

**Source:** https://news-eleven.com/article/158084

## ပိုအားကောင်းဖို့လိုနေဆဲ ကုန်သွယ်ရေး



မြန်မာ့ကုန်သွယ်ရေး အားကောင်းလာရန် အမျိုးသားပို့ကုန် မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်ဆောင်နေသည်မှာ ဒုတိယငါးနှစ်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်သည်။ တစ်ဖက်တွင်လည်း ယခုကာလသည် အာဆီယံနိုင်ငံများအချင်းချင်းကြား လွတ်လပ်စွာကုန်သွယ်မှုရပ်ဝန်း (AFTA) တွင် မြန်မာနိုင်ငံက ပါဝင်လိုက်နာဆောင်ရွက်ရမည့်အချိန်လည်းဖြစ်နေသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၁၅-၁၉ ပထမငါးနှစ် သက်တမ်းတွင် အဓိကကုန်စည်ကဏ္ဍ ငါးရပ်၊ ဝန်ဆောင်မှုကဏ္ဍတစ်ရပ်၊ ဖွံ့ဖြိုးရန်အလားအလာရှိ ကုန်စည်ကဏ္ဍတစ်ရပ်၊ ၎င်းကဏ္ဍများကို အထောက်အကူပြု ဆောင်ရွက်ရမည့် ဝန်ဆောင်မှုကဏ္ဍ လေးရပ် စသဖြင့်ကဏ္ဍ ၁၁ ရပ်ကို အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ကြသည်။ ယခု ဒုတိယငါးနှစ်သက်တမ်း ၂၀၂၀-၂၀၂၅ အမျိုးသားပို့ကုန်မဟာဗျူဟာကိုမူ ကျောက်မျက်နှင့် လက်ဝတ်ရတနာ ကဏ္ဍ၊ လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များ စသည့်ကဏ္ဍခြောက်ရပ်ကို အဓိကဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်းထားသည်။ ဝန်ဆောင်မှုကဏ္ဍပိုင်းတွင် ဒစ်ဂျစ်တယ်ထုတ်ကုန်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍအပါအဝင် စုစုပေါင်းကဏ္ဍ ၁၁ ခုကို ငါးနှစ်တာအတွင်း မူဘောင်ချမှတ်အကောင်အထည်ဖော်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။

မြန်မာနိုင်ငံသည် AFTA တွင် လိုက်နာဆောင်ရွက်ရခြင်းကြောင့် ပြည်တွင်းသို့တင်သွင်းသည့် သွင်းကုန်အများစုသည် အကောက်အခွန်ပိုင်းတွင် သုညရာခိုင်နှုန်းဖြစ်သွားခဲ့သည်။ ၎င်းအားသာချက်ကို အခြေပြုကာ ထိုင်းနိုင်ငံအပါအဝင် အာဆီယံနိုင်ငံအများစုမှ သွင်းကုန်များသည်AFTA ၏ အကျိုးကျေးဇူးကိုခံစားကာ သွင်းကုန်တင်သွင်းမှုများလည်းရှိနေသည်။ ထို့အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ငါးနှစ်သက်တမ်းတွင် ၎င်းအခြေအနေကိုပါ ကြိုတင်စဉ်းစားထားပြီး ငါးနှစ်ကာလအတွင်း မူဘောင်များချမှတ်ဆောင်ရွက်သွားရန်ရှိနေသည်ဟု ဒုတိယဝန်ကြီးကပြောသည်။

"AFTA ကြောင့် အကောက်ခွန်က သုညလောက်ဖြစ်သွားတဲ့အတွက် ဒီအခွင့်အရေးကိုယူပြီး အာဆီယံနိုင်ငံတွေက မြန်မာကို သွင်းနေတာတွေလည်းရှိနေပါပြီ။ ဒီအခြေအနေဖြစ်လာရင် ကာကွယ်နိုင်ဖို့အတွက်က သွင်းကုန်မြင့်တင်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေဆိုတာကို ပြဋ္ဌာန်းထားပါတယ်။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံက AFTA ရဲ့ အကျိုးကျေးဇူးကိုရနေတာတွေလည်း ရှိနေပါတယ်။ အမျိုးသားပို့ကုန်မဟာဗျူဟာမှာလည်း ဒါတွေအတွက် မူဘောင်တွေချမှတ်လုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောသည်။

သွင်းကုန်မြင့်တင်ခြင်းမှ ကာကွယ်ပေးမှုဥပဒေအရ မြန်မာနိုင်ငံသို့ တင်သွင်းသည့် ကုန်စည်တစ်မျိုး၏ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများကို ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ခြိမ်းခြောက်မှုများရှိလာပါက ထိုကုန်စည်ကို သုံးနှစ်တာကာလအထိ အကောက်ခွန်တိုးမြှင့် စည်းကြပ်ခွင့်ရှိမည်ဖြစ်သည်။ အခြေအနေအားဖြင့် AFTA ကြောင့် ပြည်တွင်းသို့ အကောက်ခွန်မဲ့ ကုန်စည်အများအပြား ဝင်ရောက်လာခြင်းကို ၎င်းဥပဒေဖြင့် ကာကွယ်မည့်

သဘောဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍသည် လွန်ခဲ့သည့် သုံးနှစ်တာအတွင်း ပို့ကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ကုန်သွယ်မှုလိုငွေ ကွာဟချက်လည်း ကျဆင်းလာသည်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်ကမူ ကုန်သွယ်မှုလိုငွေသည် ကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလျံအထိရှိခဲ့ရာမှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် တစ်ဘီလျံကျော်သို့ ကျဆင်းလာ ခဲ့သည်။ မြန်မာ့ပို့ကုန်တင်ပို့မှုက နှစ်အလိုက် တိုးလာခဲ့သည်။ "အရင်တုန်းက တစ်လကိုအထည်သုံးသောင်းလောက် ထွက်ခဲ့ရာကနေ အခုဆို အထည်တစ်သိန်းအထိ တိုးပြီးထုတ်နိုင်ခဲ့တယ်။ အရင်က တစ်နှစ်ကိုဝင်ငွေ ကန်ဒေါ်လာ ၁၈ သိန်းလောက်သာ ရှိခဲ့ရာက အခုဆို ကန်ဒေါ်လာ ၁ ဒသမ ၂ သန်းအထိ တိုးတက်လာခဲ့တယ်"ဟု လှယဉ်မိုးချည်မျှင်နှင့် အထည်လုပ်ငန်း၏ အမှုဆောင်အရာရှိချုပ် ဒေါ်ယဉ်ယဉ်မိုးကပြောသည်။

သို့သော် ပို့ကုန်ကဏ္ဍတိုးမြှင့်ရေး မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေသော်လည်း အခြေခံအဆောက်အအုံပိုင်း၊ စီးပွားရေးပတ်ဝန်းကျင်ကောင်းရှိဖို့ လိုအပ်ချက်ပိုင်း၊ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်ကွင်းဆက် တစ်လျှောက်လုံးတွင် နည်းပညာကောင်းရှိရန် လိုအပ်ချက်စသည့်အခက်အခဲများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးကပြောသည်။ လျှပ်စစ်အပါအဝင် အခြေခံအဆောက်အအုံပိုင်း လိုအပ်ချက်များ၊ ကုန်သွယ်မှုဆိုင်ရာ မူဝါဒအားနည်းချက်များ၊ ငွေအရင်းအနှီးရရှိရေး အထောက်အပံ့အားနည်းချက်များက အစိုးရပိုင်း၏ ထောက်ပြစရာအချက်များဖြစ်ခဲ့သည်။ ကုန်ထုတ်ပမာဏ အမြောက်အမြား ကုန်ထုတ်လုပ်နိုင်ရေး၊ အရည်သွေးကောင်းထုတ်ကုန်များဖြစ်လာရေး၊ ဈေးနှုန်းသက်သာသည့် ထုတ်ကုန်များဖြစ်လာရေးများက ပို့ကုန်ကဏ္ဍ၏ အဓိက အသက်သွေးကြောဖြစ်နေသည်။ ၎င်းအချက်များကမူ ပုဂ္ဂလိကအခန်းကဏ္ဍ၏ လုပ်ငန်းစွမ်းဆောင်မှုအရည်အသွေးနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်နေသည်။ "ငါးနှစ်တာအတွင်းမှာ ပို့ကုန်ကဏ္ဍအတွက် ဘာတွေလုပ်ဖို့လိုမလဲဆိုတဲ့ လှုပ်ရှားမှုအစီအစဉ် (Action Plan) တွေဆွဲသွားမှာပါ။ အကောင်အထည်ဖော်မယ့်ကဏ္ဍအလိုက်မှာ ဘာတွေလုပ်သင့်ဆိုတာကို ပုဂ္ဂလိကကဏ္ဍနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ကိုလည်း လုပ်ရပါမယ်။ အဓိကအချက်ဖြစ်တဲ့ ငွေကြေး အထောက်အပံ့ရရှိရေးအတွက်ကို လုပ်ဖို့လိုပါတယ်"ဟု ဦးအောင်စိုးကပြောသည်။ ဒုတိယငါးနှစ်တာ မဟာဗျူဟာတွင် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍသည် ဦးစားပေးလုပ်ဆောင်ရမည့် အရေးကြီးကဏ္ဍဖြစ်နေသည်ဟုလည်း ၎င်းကပြောသည်။

မြန်မာနိုင်ငံသည်(AFTA) ၏ အခြေအနေကို သွင်းကုန်မြှင့်တင်ခြင်းမှ ကာကွယ်ပေးမှုဥပဒေဖြင့် ကာကွယ်ထောက်ပံ့မှုရှိထားသလို AFTA ၏ အကျိုးကျေးဇူးကိုရယူကာ အာဆီယံနိုင်ငံများသို့ ခွဲတမ်းစနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့ခွင့်များလည်း ရထားပြန်သည်။ ကုန်သွယ်မှုကိုခြုံကြည့်ပါက အမျိုးသားပို့ကုန်မဟာဗျူဟာ ပထမငါးနှစ်ကာလတွင် ပို့ကုန်တိုးတက်လာသည်။ ထို့အတူ ပထမငါးနှစ်တာကာလအတွင်း တွေ့ကြုံခဲ့ရသည့်အခက်အခဲများက ဒုတိယငါးနှစ်တာအတွင်း အကောင် အထည်ဖော်မှုများကို ဖြစ်လာစေမည်ဟု မှတ်ယူနိုင်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/134918.html

## ဝယ်ယူမည့်သူမရှိ၍ ကြယ်ပဲပင်များကို ခုတ်လှဲဖျက်သိမ်းနေရ

ပြည်ပဝယ်လက်မရှိခြင်းနှင့် ပြည်တွင်းအသုံးပြုမှုမှာလည်း နည်းပါးခြင်းတို့ကြောင့် ကြယ်ပဲစိုက်တောင်သူများမှာ စိုက်ပျိုးစရိတ်ပင်မရရှိတော့သဖြင့် စိုက်ခင်းများကိုဖျက်ခြင်း၊ အပင်များခုတ်လှဲခြင်းတို့ကိုပြုလုပ်လျက်ရှိကြောင်း ကြယ်ပဲစိုက်ပျိုးသူများထံမှသိရသည်။“ကြယ်ပဲဈေးက တဖြည်းဖြည်းနဲ့ကျလာတယ်။ ကျွန်တော်တို့ဆီမှာ ကေနည်းနည်းလေးပဲစိုက်တဲ့အတွက် သူတို့လိုသလောက်ပမာဏကို အစုလိုက် တင်ပို့မှုမလုပ်နိုင်ဘူး။ ပြည်တွင်းကလည်း အသုံးပြုမှုက တော်တော်လေးနည်းပါတယ်။ ဒါကြောင့် အခုဆိုရင် တစ်ကီလိုကို ကျပ် ၂၀၀၀ အောက်အထိကျလာပြီး ဝယ်မယ့်သူမရှိတဲ့အခြေအနေဖြစ်တာကြောင့် တောင်သူတွေက တခြားသီးနှံစိုက်ဖို့ ခုတ်လှဲကြတာဖြစ်ပါတယ်” ဟု ကြယ်ပဲစိုက်ပျိုးသူ ကိုတင်လှကပြောသည်။ ကြယ်ပဲဈေးနှုန်းများမှာ ၂၀၁၈ ခုနှစ်တွင် တစ်ကီလိုလျှင် အမြင့်ဆုံးဈေးနှုန်းအဖြစ် ကျပ် ၆၀၀၀ အထိရရှိခဲ့သော်လည်း ယခုနှစ်တွင် တစ်ကီလိုလျှင် ကျပ် ၂၀၀၀ သာရှိကာ ဝယ်ယူမည့်သူမရှိကြောင်း၊ ထို့အတွက် စိုက်ပျိုးတောင်သူများက အပင်များကို ခုတ်လှဲကာထင်းအဖြစ်အသုံးပြုရန်စီစဉ်လာကြခြင်းဖြစ်ကြောင်းသိရသည်။ “ပြည်ပကတော့ လုံးဝမရှိဘူး။ ပြည်တွင်းက ဝယ်လိုအားရှိလားဆိုတော့ ရှိတယ်။ ဒါပေမယ့် ဖြစ်မြောက်အောင်ရှိတာ မဟုတ်တဲ့အတွက်စိုက်တဲ့တောင်သူတွေ မကိုက်ကြ တော့ဘူး။ ထုတ်လုပ်မှု

ကုန်ကျစရိတ်နဲ့ယှဉ်လိုက်ရင် ဘယ်လိုမှအဆင်မပြေတဲ့နှုန်းထား တစ်ခုဖြစ်နေတဲ့အတွက်ကြောင့် စိုက်ခင်း တွေ ဖျက်သိမ်းတာများလာပြီး ခုဆိုရင် စိုက်ကေတော်တော်လေးနည်းသွားပါပြီ” ဟု မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးတင်မျိုးနိုင်ကပြောသည်။ ကြယ်ပဲသီးနှံစိုက်ပျိုးရာတွင် တစ်ကေလျှင် ကျပ် ၁၅ သိန်းခန့် ကုန်ကျကာ တစ်နှစ်လျှင်နှစ်ကြိမ်မှ သုံးကြိမ်ခန့်အထိ ကြယ်ပဲစေ့များကိုထုတ်လုပ်နိုင်ပြီး နှစ်ရှည်သီးနှံပင်ဖြစ်သော်လည်း ဈေးကွက်မရှိမည့်အခြေအနေကြောင့် ကြယ်ပဲပင်များကို စိုက်ပျိုးလိုခြင်းမရှိကြတော့ကြောင်းသိရသည်။

“ကြယ်ပဲကို ပြည်တွင်းမှာ အသုံးပြုမှုကနည်းတယ်။ ပါဝင်တဲ့ပစ္စည်းတွေက အာဟာရပြည့်ဝတယ်ဆိုပေမယ့် ကျန်းမာရေးအသိနည်းတော့စားသုံးမှုနည်းကြတယ်။ ဒီမှာ အများဆုံးစားကြတာက အထက်တန်းလွှာတွေမှာပဲ စားကြတာများတယ်။ အဲဒါကြောင့် ပြည်တွင်းဈေးကွက်ကလည်း သိပ်မရှိဘူး။ အခုလိုပြည်ပက မဝယ်တော့တဲ့အခါမှာ အခုလို သိသိသာသာ ဈေးတွေကျဆင်းလာတာဖြစ်ပါတယ်” ဟု ကြယ်ပဲစိုက်ပျိုးသူ ဦးသန်းအောင်ကပြောသည်။ ကြယ်ပဲမှာ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး မျိုးအဖြစ်ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့က ရယူကာစိုက်ပျိုးလျက် ရှိကြောင်း၊ ဂျပန်၊ စင်ကာပူ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့က ဝယ်ယူရန်ကမ်းလှမ်းမှုများရှိခဲ့ခြင်းကြောင့် တိုးချဲ့စိုက်ပျိုးခဲ့ကြပြီး ယခုအခါ ပြည်ပဈေးကွက်ခိုင်မာမှုမရှိသဖြင့် စိုက်ပျိုးမှု သိသိသာသာလျော့ကျသွားပြီဖြစ်ကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

https://www.facebook.com/sitepyo/

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် မွန်ပြည်နယ်မှ ငါးဈေးနှုန်းထိုးကျ

တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ် နိုင်ငံမှ သွင်းကုန်တချို့ ကန့်သတ်မှုများရှိလာပြီး မွန်ပြည်နယ်ငါးလုပ်ငန်းမှ ထုတ်လုပ်တင်ပို့သည့် ဈေးကွက်များကျဆင်းလျက်ရှိကြောင်း မွန်ပြည်နယ် ငါးလုပ်ငန်းရှင်များအသင်းချုပ်မှသိရသည်။ "အဓိက တရုတ်ကိုပို့နေရတာ။ အခုက တရုတ်ဘက်ကပိတ်ထားတော့ ပြည်တွင်းမှာလည်း ငါးဈေးထိုးကျ၊ ငါးခြောက်ဈေးကျကုန်တယ်။ ငါးဖမ်းချိန်က သုံးလလောက်သာကျန်တော့တယ်။ ဈေးကဘယ်အချိန်ထိကျမလဲ မသိသေးတော့ အခက်အခဲတွေရှိတယ်"ဟု မွန်ပြည်နယ် ငါးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုးကပြောသည်။



မွန်ပြည်နယ်မှ ရေထွက်ကုန်များကို တရုတ်နိုင်ငံနှင့် ရန်ကုန်မြို့သို့ အဓိကတင်ပို့လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း ငါးဈေးနှုန်းများ သိသိသာသာကျဆင်းလျက်ရှိသည်။ "တရုတ်နိုင်ငံဘက်က လမ်းကြောင်းပိတ်ထားလို့ ဈေးကျနေပြီး ငါးတစ်မျိုးစီရဲ့ ဈေးနှုန်းက ၁၀ ရာခိုင်နှုန်းကျသွားတယ်လို့သိရပါတယ်။ ပျမ်းမျှအနေနဲ့ အရင်က တစ်ပိဿာကို ကျပ် ၂,၀၀၀ ကျော်တန်ငါးတွေက အခု ကျပ် ၂,၀၀၀ အောက်ရောက်သွားတယ်။ တရုတ်နှစ်ကူးပြီးနောက် ဈေးကျသွားတဲ့အတွက် ငါးလုပ်ငန်းအပေါ် ရိုက်ခတ်မှုတွေရှိတယ်"ဟု ဦးမြင့်စိုးကဆက်လက်ပြောသည်။ မွန်ပြည်နယ်တွင် အအေးခန်းစက်ရုံခြောက်ရုံရှိပြီး တရားဝင်မှတ်ပုံတင်ထားသည့် ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်၊ ဖောင် ၃၇၄ စင်းရှိသည်ဟု ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။ ၃၀ စတုရန်းမိုင်ပတ်လည်ငါးဖမ်းကွက် ၁၄ ကွက်နှင့် နှစ်စဉ်ငါးဖမ်းရာသီအတွင်း ငါးပိဿာ ချိန် ထောင်ပေါင်း ၁၇၀၀၀၀ ကျော်၊ အအေးခန်းစက်ရုံများမှ မက်ထရစ်တန် ၈၀၀၀ ကျော်ခန့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134904.html

## မျိုးစေ့ တင်သွင်းမှု ဆယ်နှစ်အတွင်း ၄၅ ဆအထိ မြင့်တက်လာ

တောင်သူလယ်သမားများအကြား မျိုးစေ့သုံးစွဲမှု အသိမြင့်မားလာသည်နှင့်အမျှ ဆယ်နှစ်တာကာလအတွင်း တင်သွင်းရမှု တန်ဖိုး ၄၅ ဆအထိ မြင့်တက်လာသည်ဟုသိရသည်။ မျိုးစေ့တင်သွင်းမှုမှာ ၂၀၀၉ ခုနှစ်က အမေရိကန်ဒေါ်လာ တစ်သန်းကျော်သာရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်အတွင်း ၄၅ သန်းအထိ တိုးတက်လာကြောင်း ဇန်နဝါရီလ ၂၈ ရက်က နေပြည်တော်တွင်ပြုလုပ်ခဲ့သော မျိုးစေ့ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ

အောင်သူကပြောကြားသည်။ အဆိုပါပြပွဲတွင် နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံခြားမှမျိုးစေ့ တင်သွင်းဖြန့်ဖြူးခြင်းထက် ပြည်တွင်း၌ထုတ်လုပ်ကာဖြန့်ဖြူးနိုင်ရေးမှ ပြည်ပကိုတင်ပို့နိုင်သည်အထိ ကြိုးပမ်းသွားနိုင်ရေးအတွက်လည်း တိုက်တွန်း ပြောကြားသွားသည်။

လက်ရှိတွင် မျိုးစေ့ဖြန့်ဖြူးနိုင်မှု အားကောင်းစေရေးအတွက် နိုင်ငံခြားကုမ္ပဏီများကိုပါ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခွင့်ပြုထားပြီး ပြည်တွင်းရှိ ကုမ္ပဏီများကလည်း မျိုးစေ့တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ဖြန့်ဖြူးပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိသဖြင့် တောင်သူများအကြား မျိုးစေ့သုံးစွဲနိုင်မှုမှာ ပိုမိုအားကောင်းလာလျက်ရှိသည်။ အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပြည်ပမှ အများဆုံးတင်သွင်းလျက်ရှိပြီး အခြားမျိုးစေ့အမျိုးအစားများကိုမူ ပြည်တွင်းမှအများဆုံး ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မျိုးစေ့ထုတ်လုပ်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းကိုက်ညီပြီး ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်လည်း အဆိုပါပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။ အဆိုပါမျိုးစေ့ပြပွဲသည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏လုပ်ငန်းတာဝန်များအပါအဝင် တောင်သူလယ်သမားများ သွင်းအားစု (မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည်သီးနှံမျိုးပေါင်းများစွာကို မျိုးစေ့ထုတ်လုပ်ရန် အခြေအနေကောင်းများစွာရှိသောကြောင့် မျိုးစေ့ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်ပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်းလည်း ကျွမ်းကျင်သူအချို့ကသုံးသပ်ထားသည်။ "ကျွန်တော်တို့ကတော့ မျိုးစေ့တွေကို ရှိသလောက်ထုတ်ပေးရောင်းချတာတွေရှိပါတယ်။ ဆန်စပါးတို့အပြင် သီးနှံမျိုးစေ့တွေလည်း လက်လုပ်မီးအောင်နယ်တွေမှာလည်း ရုံးခွဲတွေကတစ်ဆင့်ရောင်းချပေးတာတွေရှိပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာရှိတစ်ဦးကပြောသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ငွေကြေးဈေးကွက်တွင် ကျပ်ငွေတန်ဖိုးမြင့်တက်




ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်နှင့် ထိုင်းဘတ်ငွေတို့ ငွေကြေးဈေးကွက်တွင် တန်ဖိုးများကျဆင်းပြီး ကျပ်ငွေတန်ဖိုးဆက်လက်မြင့်တက်လာကြောင်း ပြည်တွင်းငွေလဲလုပ်ငန်းများနှင့် ကုန်သည်များကပြောသည်။ ထိုသို့ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာခြင်းသည် အခြား ငွေကြေးဈေးကျခြင်းကြောင့်ဖြစ် သည်ဟု ၎င်းတို့ကဆိုသည်။

ဒေါ်လာငွေ လဲနှုန်းတွင် ၂၀၂၀ ဇန်နဝါရီအတွင်း တစ်ဒေါ်လာလျှင် ကျပ် ၃၀ မှ ၄၀ ကြား ကျဆင်းခဲ့သည်။ ထိုင်းဘတ်ငွေသည်လည်း တစ်လအတွင်း တစ်ဘတ်လျှင် ငါးကျပ်ကျဆင်းခြင်းဖြစ်သည်။ တရုတ်ယွမ်ငွေသည် ကျပ်ငွေနှင့်နှိုင်းယှဉ်ပါက တစ်လအတွင်း ရှစ်ကျပ်ကျဆင်းသည်။ စင်ကာပူဒေါ်လာသည် ကျပ်ငွေဖြင့် နှိုင်းယှဉ်ပါက တစ်လအတွင်း ကျပ် ၄၀ ကျဆင်းခဲ့သည်။ ထိုင်းဘတ်သည် ၂၀၁၉ ဒီဇင်ဘာအကုန်တွင် တစ်ဘတ်လျှင် ကျပ် ၅၀ ရှိရာမှ ဖေဖော်ဝါရီ တွင် ၄၅ ကျပ်အောက်ကို ဆက်လက်ကျဆင်းနေသည်။ တရုတ်ယွမ်ငွေသည် ၂၀၁၉ ဒီဇင်ဘာလ ကုန်တွင် တစ်ယွမ်လျှင် ၂၁၂ ကျပ်ရှိရာမှ ဖေဖော်ဝါရီလဆန်းတွင် ၂၀၄ ကျပ်သို့ ကျဆင်းခဲ့ သည်။ စင်ကာပူဒေါ်လာသည် ၁,၀၉၅ ကျပ်မှ ၁,၀၅၅ ကျပ်သို့ ကျဆင်းခဲ့သည်။ အမေရိကန်ဒေါ်လာသည် ၁,၄၈၂ ကျပ်မှ ၁,၄၄၇ သို့ဆက်တိုက်ကျဆင်းခဲ့သည်။ "ဗိုင်းရပ်စ်ကြောင့်ရယ်၊ နယ်စပ်ကုန်သွယ်မှုရပ်တန့်နေလို့ ယွမ်ဈေးကျတာပါ။ မြန်မာငွေ တန်ဖိုးမြင့်လာတာမဟုတ်ပါဘူး" ဟု ကုန်သည် ဦးစိုင်းဝင်းကပြောသည်။

ထိုသို့ကျဆင်းခြင်းသည် နိုင်ငံအလိုက်ဖြစ်နေသည့် ပြဿနာများကြောင့်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးရပ်တန့်နေခြင်းကြောင့်ဖြစ်သည်ဟု ကမ္ဘောဇဘဏ်အကြီးတန်းအကြံပေး ဦးသန်းလွင်ကပြောသည်။ "စီးပွားရေးကောင်းလာလို့ ကျပ်ငွေတန်ဖိုး

တက်တာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ပို့ကုန်၊ သွင်းကုန်တွေ ရပ်ဆိုင်းနေတယ်၊ ဝယ်လို့လည်းမရတော့ သုံးစရာမလိုလို့ ဈေးကျတာပါ” ဟု ဦးသန်းလွင်ကဆိုသည်။ ထို့ပြင် ဒေါ်လာဈေး ဆက်လက်ကျဆင်းနိုင်သည်ဟု သံသယဖြင့် ဒေါ်လာများ ထုတ်ရောင်းခြင်းကြောင့် ဈေးဆက်တိုက်ကျဆင်းနေခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

**Source:** https://7day.news/section?id=6

## ကမ္ဘာမှာ မှတ်ပုံတင်တော့မယ့် မြန်မာ့သနပ်ခါး



မြန်မာနှင့် တစ်သားတည်းကျနေသည့် ယဉ်ကျေးမှုဓလေ့ ဂုဏ်ဒြပ်တစ်ခုကိုပြောပါဆိုလျှင် ဘာကိုပြေးမြင်မိကြမည်မသိ။ သေချာသည်က ထိုအထဲတွင် သနပ်ခါးလိမ်းသည့်ဓလေ့ပါနေမည်မှာ မြေကြီး လက်ခတ်မလွဲဖြစ်သည်။ သနပ်ခါးကို မြန်မာနိုင်ငံတစ်ဝန်း လူကြီး၊ လူငယ်၊ ကျားမမရွေး အသုံးပြုကြသကဲ့သို့ တစ်ခါမျှ မသုံးစွဲဖူးသူဟူ၍လည်း မရှိဟုပင်ဆိုလျှင်ရသည်။ ငယ်စဉ်ကတည်းက ကျားမ မခွဲခြားဘဲ ကလေးများကို သနပ်ခါးလိမ်းခြင်း၊ သနပ်ခါးခွဲခြင်း စသောဓလေ့များက လက်ရှိအချိန်အထိ ပတ်ဝန်းကျင်တွင်တွေ့မြင်နေရဆဲ၊ ထွန်းကားနေဆဲဖြစ်သည်။

ထိုသို့ မြန်မာနှင့်တစ်သားတည်းကျ ထွန်းကားလျက်ရှိသည့် သနပ်ခါးလိမ်းခြင်းဓလေ့ကို ယူနက်စကို အသိအမှတ်ပြု ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်၊ လူသားအမျိုးအနွယ်ကို ကိုယ်စားပြုသည့်စာရင်း Representative List of the Intangible Cultural Heritage of Humanity အဖြစ်ဝင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။ ယင်းအတွက် အဆိုပြုလွှာပုံစံကို ယခုနှစ် မတ်လကုန်တွင် ပထမဆုံးတင်သွင်းနိုင်ရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုကို မျက်မြင်အားဖြင့် အကောင်အထည် မဖော်ပြနိုင်သော ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် (Intangible Cultural Heritage)ဟူ၍ ယေဘုယျသတ်မှတ်သည်။ တစ်နည်းဆိုသော် ရှင်သန်နေသည့် လက်ဆင့်ကမ်းအမွေအနှစ်များပင်ဖြစ်သည်။

"မြန်မာမှာ ပြည်သူအများဆုံးသုံးတာက သနပ်ခါးပဲဖြစ်တယ်။ စာပေတွေထဲမှာလည်းပါတယ်။ အထူးသဖြင့် ကုန်းဘောင်ခေတ်မှာဆို ကောက်စိုက်သီချင်းတွေ၊ ကျေးလက်တေးသီချင်းတွေမှာရေးဖွဲ့တယ်။ ဒါ့ပြင်သနပ်ခါးက လူ့အဖွဲ့အစည်းထဲမှာလည်း အသုံးဝင်တယ်။ ဘာသာရေးအခမ်းအနားတွေမှာလည်းသုံးလေ့ရှိတယ်။ ဒါ့ကြောင့် ကိုယ်စားပြုစာရင်းအဖြစ်တင်တာ"ဟု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စိစစ်ရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှက မြန်မာတိုင်း(မ်)သို့ မှတ်ချက်ပြုသည်။ သနပ်ခါးကို ကျန်းမာရေးအရ နေပူထဲ အလုပ်လုပ်လျှင်သော်လည်းကောင်း၊ ကောက်စိုက် လယ်ထဲဆင်းလျှင်သော်လည်ကောင်း၊ ကျန်းမာရေးအရလိမ်းခြင်းနှင့် နေပူခံအဖြစ်လည်း လက်ခြေအပြည့်တို့ကိုပါလိမ်းသည်များရှိသည်။ သာမန်အချိန်မျိုးတွင် အလှဆင်၍လည်း မျက်နှာတွင် အဝိုင်း၊ လေးထောင့်၊ သစ်ရွက်စသည့် သဏ္ဍာန်သွင်ပြင်အမျိုးမျိုးဖြင့်လည်း အလှဆင်အသုံးပြုကြသည်။ "ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားဘဝက ဝါတွင်းဥပုသ်နေ့တိုင်း လက်ကောက်ဝတ်ထက် မသေးတဲ့ သနပ်ခါးပင် ၁၀ ပင်ကို တောထဲသွားခုတ်ရတယ်။ အဲဒါတွေစုပြီး အချမ်းပိုတဲ့ တပို့တွဲလပြည့်ဆိုတာနဲ့ ဘုရားကိုရည်မှန်းပြီး မီးရှို့ပူဇော်တဲ့ဓလေ့ရှိခဲ့တယ်။ အခုကမတွေ့ရတော့ဘူး။ ဒါ့ကြောင့် သနပ်ခါးက ဘာသာရေးယုံကြည်ချက်နဲ့လည်း ဆက်နွယ်နေတယ်"ဟု အသက် ၈၀ ကျော်အရွယ် ဒေါက်တာတိုးလှက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစခေတ် သူ၏ငယ်စဉ်ဘဝအတွေ့အကြုံကို ပြောပြသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းပင် သနပ်ခါးပင်များကို ပြာသာဒ်ဆောက်ပြီး ဗုဒ္ဓရုပ်ပွားတော်အား လှည့်လည်အပူဇော်ခံလေ့ရှိပြီး အခမ်းအနားပြီးဆုံးပါက ဘုရားရှင်အားရည်မှန်း၍ သနပ်ခါးပင်များဖြင့် မီးရှို့ပူဇော်ပြီး သနပ်ခါး ပူဇော်ပွဲဟူသည့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ထုံးတမ်းဓလေ့များလည်းရှိသည်။ သို့သော် ခေတ်ကာလရွေ့ပြောင်းမှုနှင့်အတူ ယင်းပွဲတော်ဓလေ့သည် လက်ရှိတွင် ပျောက်ကွယ်လုနီးပါးဖြစ်နေပြီဖြစ်သည်။ ယခင်က သနပ်ခါးပင်သည် အများပင်သဘော အလေ့ကျပေါက်လေ့ရှိခဲ့သော်လည်း လက်ရှိတွင် စီးပွားဖြစ် ခြံခတ်စိုက်ပျိုးမှုများသာရှိတော့သည်။ သနပ်ခါးသည် အပူပိုင်းဒေသများတွင် အဓိကပေါက်လေ့ရှိပြီး အခြားအပင်များပေါက်လေ့မရှိသည့် မြေအမျိုးအစားများတွင် အဓိကပေါက်လေ့ရှိသည့် အပင်မျိုးလည်းဖြစ်သည်။

မြန်မာ့သနပ်ခါးသည် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်ပြဌာန်းချက် ငါးခုစလုံးနှင့် အကျုံးဝင်သဖြင့် လူသားအမျိုးအနွယ်ကို ကိုယ်စားပြုသည့်စာရင်းအဖြစ် တင်သွင်းရခြင်းဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ သိရသည်။ ဒြပ်မဲ့ယဉ်ကျေးမှု သတ်မှတ်ချက်တွင် ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ ဖျော်ဖြေတင်ဆက်မှု

အနုပညာများ၊ လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့နှင့် ပွဲတော်များ၊ သဘာဝနှင့်စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာ အစဉ်အလာဓလေ့များ၊ ရိုးရာလက်မှုပညာရပ်များ ပါဝင်သည်။ ယူနက်စကိုသည် ဒြပ်မဲ့ယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ်များ အဖြစ် အသိအမှတ်ပြုလက်ခံရန် အထက်ဖော်ပြပါအချက်များ အခြေခံပါဝင်သည့် ၂၀၀၃ ခုနှစ် ကွန်ဗန်းရှင်းပါ အချက်ငါးခုဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်။ အချက်ငါးခုမှ တစ်ချက်ကိုက်ညီလျှင်ပင် ဒြပ်မဲ့ယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ်များအဖြစ် အသိအမှတ်ပြုလေ့ရှိသည်။ ထို့ကြောင့်လည်း အချက်ငါးခုစလုံးနှင့်ကိုက်ညီသည့် သနပ်ခါးကိုတင်သွင်းရခြင်းဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ တင်သွင်းခြင်းလုပ်ငန်းများအတွက် ၂၀၁၆ အစောပိုင်းတွင် တိုင်းနှင့်ပြည်နယ်အလိုက် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာဒေသ အဖွဲ့အစည်းများနှင့်စစ်တမ်းများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။

ယင်းမှတစ်ဆင့် သနပ်ခါးလိမ်းခြင်းဓလေ့အား ယူနက်စကိုသို့တင်သွင်းရန် အခြေခံသတ်မှတ်ခဲ့ခြင်းဖြစ်သည်ဟု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာနုမြဇံက မြန်မာတိုင်း(မ်)သို့ရှင်းပြသည်။ ယူနက်စကိုသို့ ဒြပ်မဲ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ အဆိုပြုပုံစံတင်သွင်းရာတွင် ဒေသတွင်းနိုင်ငံများအကြား အငြင်းပွားဖွယ်ရာ ပြဿနာများလည်း ရှိထားသည်။ ယခင်က ပါတိတ်နှင့်ပတ်သက်၍ မလေးရှားနိုင်ငံက ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် တင်သွင်းမှုကို အင်ဒိုနီးရှားနိုင်ငံက ကန့်ကွက်သဖြင့် အပြန်အလှန်အငြင်းပွားမှုရှိခဲ့ပြီး အချက်အလက်အထောက်အထားများအရ အင်ဒိုနီးရှားနိုင်ငံအား အတည်ပြု အနိုင်ပေးခဲ့ရသည့် အဖြစ်မျိုးလည်းရှိခဲ့ခြင်းဖြစ်သည်။ "ဒါကြောင့် သနပ်ခါးကို တစ်နိုင်ငံလုံးရဲ့ ဘုံအဖြစ်နဲ့၊ နိုင်ငံ့ကိုယ်စားပြု အဖြစ်နဲ့ သူများတွေ မတင်ခင်မှာ ဦးအောင်တင်ထားတာဖြစ်တယ်" ဟု ဒေါက်တာနုမြဇံကဆိုသည်။

မြန်မာနိုင်ငံသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ယူနက်စကိုသို့ တင်သွင်းနိုင်ရန် ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ကွန်ဗန်းရှင်းကို ၂၀၁၄ ခုနှစ်တွင် ဝင်ရောက်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ "မြန်မာ့သနပ်ခါးကို တိုင်းရင်းသားလူမျိုးတိုင်းသုံးတယ်။ မွေးကတည်းကနေ အသက်အရွယ်ကြီးမြင့်သည်အထိ အသုံးပြုတယ်။ သနပ်ခါးမလူးတဲ့ တိုင်းရင်းသားမရှိဘူး။ တစ်နိုင်ငံလုံးရဲ့ ဘုံသဘောတူညီမှု ရရှိထားတယ်"ဟု ၎င်းကပြောသည်။ ရှေးယခင်က သနပ်ခါးကို မြန်မာလူမျိုးများအကြား ပကတိ ရိုးရိုးသာသုံးစွဲမှုများရှိခဲ့သော်လည်း လက်ရှိတွင် သနပ်ခါးပင်ပေါက်လေ့မရှိသည့် ပြင်ပနိုင်ငံများက အသားအရေထိန်းသိမ်းသည့် သဘာဝအလှကုန်အဖြစ် ပုံစံအမျိုးမျိုးဖြင့် ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချမှုများ ပျံ့နှံ့လျက်ရှိသည်။ တိုးတက်လာသည့် နည်းပညာများအရ သနပ်ခါးနှင့်ပတ်သက်သည့် အောက်ခံမိတ်ကပ်၊ ဘောဒီလိုးရှင်းစသည့် အလှကုန်ပစ္စည်းမျိုးမျိုးကို ထိုင်းနိုင်ငံ၊ ကိုရီးယား အစရှိသည့် ပြည်ပနိုင်ငံများက ထုတ်လုပ်ရောင်းချမှုများလည်းရှိနေသည်။ သို့သော် ယင်းထုတ်ကုန်များတွင် သနပ်ခါးပါဝင်မှုနှုန်း ၂၀ ရာခိုင်နှုန်းပင် မပါဝင်သဖြင့် မြန်မာ့သနပ်ခါးအတွက် စိုးရိမ်စရာအချက်များဖြစ်လာခဲ့သည်။ ယူနက်စကိုသို့ မြန်မာနိုင်ငံကိုယ်စားပြု ာရင်းဝင်အဖြစ် တင်သွင်းရန် ကြိုးပမ်းခြင်းတွင် ထိုအချက်လည်း ပါဝင်သည်ဟု ဒေါက်တာနုမြဇံကဆိုသည်။ "ယူနက်စကို ကမ္ဘာ့အမွေအနှစ်မှာ ဒြပ်ရှိနဲ့ဒြပ်မဲ့မတူတာက ဒြပ်မဲ့က မူပိုင်ခွင့်နဲ့လည်းပတ်သက်တယ်။ ရိုးရာအခြေပြုတဲ့ စီးပွားရေးလုပ်ငန်းတွေလည်းပါဝင်တဲ့အတွက် တစ်နည်းအားဖြင့် တင်လိုက်ရင် မြန်မာပိုင်တယ်လို့ပြောလို့ရတယ်"ဟု ဒေါက်တာနုမြဇံကဆိုသည်။ ထို့ပြင် ယူနက်စကို၏ စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရလျှင် သနပ်ခါးနှင့်ပတ်သက်သည့် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများအတွက်လည်း နည်းပညာဆိုင်ရာအထောက်အကူများရနိုင်မည်ဖြစ်သည်။ လူသားအမျိုးအနွယ်ကို ကိုယ်စားပြု(Representative List of ICH) အဖြစ် တင်သွင်းရာတွင် လိုအပ်သည့် စံသတ်မှတ်ချက်များလည်းရှိသည်။

စံသတ်မှတ်ချက်များသည် ယေဘုယျအားဖြင့် ပြည်သူများကပူးပေါင်းပါဝင်ခြင်း၊ ဒေသရပ်ရွာအတွင်း တန်ဖိုးထား ကျင့်သုံးထိန်းသိမ်းခြင်း၊ နိုင်ငံ၏နယ်နိမိတ်အတွင်း တည်ရှိပေါက်ဖွား ရှင်သန်လေ့ရှိကြောင်း ဖော်ပြလေ့ရှိခြင်းစသည်တို့ဖြစ်သည်။ ထို့အတွက်လည်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာတွင် မဲခွဲစနစ်နှင့်ဆန္ဒပြုစစ်တမ်းကောက်ယူမှုများရှိနေပြီး လူထုအတွင်း ဆန္ဒပြုစစ်တမ်းများလည်း ကောက်ယူမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနထံမှ သိရသည်။ လက်ရှိတွင် သနပ်ခါးလိမ်းခြင်းဓလေ့နှင့်သက်ဆိုင်သည့် အထောက်အထားများနှင့်စစ်တမ်းများကို ယူနက်စကိုသို့ တင်သွင်းရန် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ယူနက်စကိုသို့ တင်သွင်းရာတွင် လိုအပ်ချက်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်မှတ်ပုံတင်စာရင်း(National Register of the Intangible Cultural Heritage of Myanmar) ကိုလည်း ယခုလအတွင်း ထုတ်ပြန်သွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးဦးရဲမြတ်အောင်က ဆက်လက်ရှင်းပြသည်။ မြန်မာနိုင်ငံ၏ သနပ်ခါးလိမ်းခြင်းဓလေ့ကို မတ်လကုန်တွင် အဆိုပြုလွှာပုံစံကို ယူနက်စကိုသို့တင်သွင်းမည်ဖြစ်ပြီး အသိအမှတ်ပြုရန် နှစ်နှစ်ကြာမြင့်မည်ဖြစ်သည်။ "ကျွန်တော်တို့အနေနဲ့ တင်သွင်းတဲ့အခါမှာ လိုအပ်တဲ့စံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင်ပြင်ဆင်နေတယ်။ ပြီးသလောက်လည်းဖြစ်နေပြီ၊ အောင်မြင်မယ်လို့လည်း ယုံကြည်ထားတယ်"ဟု ဦးရဲမြတ်အောင်ကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/134920.html

## နှစ်ကုန်ပိုင်းက ရွာခဲ့သည့်မိုးကြောင့် စတော်ဘယ်ရီ အထွက်နှုန်းကျဆင်း




ပြင်ဦးလွင်မြို့တွင် ဒီဇင်ဘာလအတွင်းက ရွာသွန်းခဲ့သော မိုးကြောင့် အပွင့်များထိခိုက်ကာ အထွက်နှုန်းကျဆင်းခဲ့ကြောင်း စတော်ဘယ်ရီစိုက်ပျိုးသူများထံမှသိရသည်။ "မိုးကြောင့် အသီး အပွင့်တွေကိုထိကုန်တယ်။ အရင်ကထွက်တာထက် အခုဆိုရင် သုံးပုံတစ်ပုံလောက်တော့ ကျမယ်ထင်တယ်။ အရေအတွက်နည်း တာကြောင့် ဈေးကလည်း မနှစ်ကနဲ့မတူဘဲ ဈေးကောင်းရနေပါ တယ်။ ဝယ်တဲ့ဒိုင်တွေက မနှစ်ကထက် တစ်ပိဿာကိုကျပ် ၂၀၀၀ လောက်ပိုပေးဝယ်တယ်"ဟု ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်သပြေ ကျေးရွာက စတော်ဘယ်ရီစိုက်ပျိုးသူ ဦးဖိုးသားကပြောသည်။

စတော်ဘယ်ရီဈေးနှုန်းမှာ ယခင်နှစ်က တစ်ပိသာလျှင် ကျပ် ၆၀၀၀ သာရရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၈၀၀၀ အထိ ရရှိကြောင်း၊ ထို့အတွက်စိုက်ပျိုးသူများ အထွက်နှုန်းကျဆင်းသော်လည်း ဆုံးရှုံးမှုမရှိကြောင်းသိရသည်။ သို့သော် အသီးပေါ်ချိန် ရာသီအဖွင့်ဈေးမှာ ကောင်းမွန်သော်လည်း တရုတ်နိုင်ငံက စတော်ဘယ်ရီသီးများ ဝင်ရောက်လာသဖြင့် သိသိသာသာ ဈေးနှုန်းမြင့်တက်ရန်တော့မရှိနိုင်ကြောင်းစိုက်ပျိုးသူများကပြောသည်။ "တရုတ်နိုင်ငံက စတော်ဘယ်ရီသီး တွေ မန္တလေး ဈေးကွက်ထဲကို ဝင်ရောက်လာနေပါပြီ။ ဈေးနှုန်းကလည်း တစ်ပိဿာကို ကျပ် ၄၀၀၀လောက်နဲ့ ရောင်းချနေတာဆိုတော့ ပြည်တွင်းဈေးကတော့ သေချာပေါက်ကျမှာပဲ။ လှိုင်လှိုင်ပေါ်ချိန်ဖြစ်တဲ့ ဖေဖော်ဝါရီလ၊ မတ်လရောက်ရင်တော့ ကျွန်တော်တို့ ပြည်တွင်းမှာစိုက်တဲ့ စတော်ဘယ်ရီသီးတွေက ကျပ် ၃၀၀၀ လောက်အထိ ကျဆင်းမယ့်အခြေအနေရှိမယ်ဗျ။အဲဒီထက်တော့ မကျစေချင်ဘူး"ဟု ပြင်ဦးလွင်မြို့နယ်က စတော်ဘယ်ရီစိုက်ပျိုးသူ ကိုမင်းမင်းကပြောသည်။

စတော်ဘယ်ရီသီးမှာ စတင်ထွက်ရှိချိန်မှ ဧပြီလကုန်အထိ ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိ ကြောင်း၊ မိုးရွာသွန်းမှုကို ကြိုက်နှစ်သက်ခြင်းမရှိဘဲ ပူအိုက်သည့်ရာသီဥတုကို ကြိုက်နှစ်သက်ကြောင်းသိရသည်။ "စတော် ဘယ်ရီက ရာသီဥတုပူလေ အထွက်နှုန်းကပိုလေပဲ။ ဈေးနှုန်းကလည်း အစောဆုံးထွက်တဲ့ စိုက်ခင်းက ဈေးအကောင်းဆုံး ရပါတယ်။ နောက်မှပေါ်တဲ့သူဆိုရင် ထင်သလောက်ဈေးမရတော့ပါဘူး။ "ဈေးနှုန်းအကျဆုံး အချိန်ကတော့ မတ်လအတွင်းမှ ာဖြစ်တယ်။ တစ်ပိဿာကို ကျပ် ၁၂၀၀ လောက်အထိ ကျတယ်"ဟုၤင်းက ဆက်လက်ပြောသည်။ ပြင်ဦးလွင်မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ကိုင်သူ အများအပြားမှာ စတော်ဘယ်ရီကိုစိုက်ပျိုးကြပြီး အသီးအတိုင်းရောင်းချသူများရှိသကဲ့သို့ ယိုအဖြစ် ပြုလုပ်ကာ ပြန်လည်ရောင်းချသူများလည်းရှိသည်။ မိသားစုစားဝတ်နေရေးအတွက် အဓိကမှီခိုရသည့် သီးနှံအမျိုးအစားလည်း ဖြစ်ကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/8730831

## မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုတင်ပို့နေ

ယခုလက်ရှိအချိန်ထိ မြန်မာ့ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်ယူနေလျက်ရှိပြီးတင်ပို့နေရတာဖြစ်ကြောင်း မြန်မာနိုင်ငံကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ မြန်မာ့ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အခုလက်ရှိအချိန်ထိ ဝယ်ယူနေတာဖြစ်ပြီး ဈေးနှုန်းမှာလည်းမြင့်တက်နေ ကြောင်း မြန်မာနိုင်ငံကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့်စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေသူများအသင်းမှ ဥက္ကဋ္ဌ ဦးခင်ဟန်ကပြောပါတယ်။ ကြက်သွန်နီကတော့ ဈေးနှုန်းရနေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကလည်း အခုချိန်ထိ ဝယ်နေသေးတော့ ဈေးမြင့်တာလည်းပါတယ်။ သူတို့ဘက်ကို တင်ပို့နေရတာတွေရှိတော့ ဈေးနှုန်းကအရင်လတွေကဆို တော်တော်လေး မြင့်သွား တယ်။ မြန်မာ့ကြက်သွန်နီ ကုန်တင်ကားစီးရေမှာ နယ်စုံမှအစီးရေ (၂၇) စီးဝင်ရောက်လျက်ရှိကြောင်းလည်း အဆိုပါအသင်းမှ သိရပါတယ်။

မြန်မာ့ကြက်သွန်နီဈေးနှုန်းမှာ ဆိပ်ဖြူရှယ် တစ်ပိဿာကို ၁၇၅၀ ကျပ်၊ မြစ်သားရှယ် (သစ်) တစ်ပိဿာကို ၂၀၀၀ ကျပ်နဲ့ ပခုက္ကူရှယ် (သစ်) တစ်ပိဿာကို ၁၈၀၀ ကျပ်၊ တောင်တွင်းရှယ်(သစ်) တစ်ပိဿာကို ၁၇၅၀ ကျပ်နဲ့မြင်းခြံရှယ်သစ် တစ်ပိဿာကို ၁၈၀၀ ကျပ်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများအရသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/Myanmar_onion_export_to_Bangladesh

## မူဆယ်လမ်းကြောင်းပိတ်ထားတဲ့အတွက် မြဝတီသို့ကုန်စည်စီးဆင်းမှု အနည်းငယ်ကျဆင်း

လက်ရှိ မူဆယ်သို့ကုန်စည်စီးဆင်းမှုမှာရပ်တန့်နေပြီး မြဝတီသို့ကုန်စည်စီးဆင်းမှုမှာလည်း အနည်းငယ်ကျဆင်းနေကြောင်း မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှသိရပါတယ်။ လက်ရှိအချိန် တွင်ဖရဲ၊ သခွားမွှေး ရာသီချိန်ဖြစ်သော်လည်း မူဆယ်လမ်းကြောင်းကို ဖေဖော်ဝါရီ ၉ ရက်အထိ ပိတ်ထားမှာ ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှု ကျဆင်းနေခြင်း ဖြစ်ကြောင်း သိရပါတယ်။

လတ်တလောတွင် မြဝတီဘက်သို့ ကုန်တင်ပို့မှုများမှာလည်း ယခင်ကထက် ၅ ရာခိုင်နှုန်းခန့် ကျဆင်းပြီး အဆင်းကုန်နည်းပါးနေကြောင်း၊ မြဝတီဘက်မှ ရန်ကုန်သို့ တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၁၅၀ ဝန်းကျင် ဝင်ရောက်နေကြောင်း သိရပါတယ်။

တစ်နိုင်ငံလုံး၌ ကုန်တင်ယာဉ်အစီးရေ ပျမ်းမျှ သုံးသိန်းခန့်ရှိပြီး ဝန်လေးကား အစီးရေ ခုနစ်သောင်းကျော်နှင့် ဝန်ပေါ့ကားအစီးရေ နှစ်သိန်းကျော်ရှိရာ ကုန်စည်စီးဆင်းမှု ကျဆင်းနေသဖြင့် ယာဉ်လုပ်ငန်း လုပ်ကိုင်သူများအတွက် အခက်အခဲများ ရှိနေကြောင်း သိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2674-muse-route,-the-flow-of-goods-into-myawaddy-was-slightly-reduced.html

## တရုတ်တင်ပို့သည့် ရှောဝတီတိုင်းက ကဏန်းနှင့်ရေထွက်ကုန်လုပ်ငန်းများ ရပ်တန့်

တရုတ်နိုင်ငံမှာဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ဧရာဝတီတိုင်းကနေ တရုတ်ကိုတင်ပို့နေတဲ့ ကဏန်းနဲ့ ရေထွက်ပစ္စည်းတွေလုပ်ငန်းတွေ ကုန်လမ်းက ကုန်စည်တင်ပို့တာတွေ ရပ်တန့်သွားတယ်လို့ လုပ်ငန်းရှင်တွေကပြောပါတယ်။ မူဆယ် ၁၀၅ မိုင်မှာ ကုန်သွယ်မှုတွေ ခေတ္တရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ဇန်နဝါရီ ၂၅ ရက်နေ့ကစတင်ကာ တရုတ်နိုင်ငံကို ဧရာဝတီတိုင်းအတွင်းကတင်ပို့နေတဲ့ ကဏန်းအပါအဝင် ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းတွေ ရပ်တန့်သွားတယ်လို့ ပုသိမ်မြို့ခံ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင် ဦးမိုးကျော်က ဒီဗွီဘီကိုပြောပါတယ်။ “လပွတ္တာမြို့မှာ ဂဏန်းဒိုင် ၁၅၀ ရှိပြီး လုပ်ငန်းမှာ ပါဝင် လုပ်ကိုင်နေတဲ့ ဂဏန်းဖမ်းသူ၊ သယ်ပို့သူနဲ့ဂဏန်းဒိုင်လုပ်သား ကုန်ကားလုပ်သားအပါအဝင် လူဦးရေ ၃ သောင်းကျော်ရှိပြီး မှီခိုနေတဲ့မိသားစုပါ ဒုက္ခရောက်နေရတယ်။ အခြားမြို့တွေက လုပ်ငန်းတွေမပါသေးဘူး၊ ခုလို့ လုပ်ငန်းတွေ ရပ်တန့်ထားရတော့ အားလုံးအခက်အခဲတွေ ဖြစ်ကုန်တာပေါ့” လို့ လပွတ္တာမြို့က ကဏန်းဒိုင်လုပ်ငန်းရှင် ဦးပြည့်ဖြိုးကျော်ကပြောပါတယ်။

တရုတ်နိုင်ငံကို ရန်ကုန် – မူဆယ် ကားလမ်းမှတဆင့် တိုင်းဒေသကြီးအတွင်းမှထွက်တဲ့ ကဏန်း၊ ပုစွန်၊ ငါးရှဉ့်၊ ငါးဟောက် အများဆုံးတင်ပို့နေတဲ့ မြို့နယ် ၁၅ မြို့နယ်က ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်း လုပ်ကိုင်သူတွေမှာလည်း မူဆယ်ကုန်သွယ်ရေး စခန်းယာယီရပ်နားပြီးနောက်ပိုင်း လုပ်ငန်းတွေဆက်လက်လည်ပို့ဖို့နဲ့ လုပ်ငန်းတွေအပေါ်မှီခိုနေတဲ့ မိသားစုဝင်တွေရဲ့ စားဝတ်နေရေး အခက်အခဲတွေနဲ့ရင်ဆိုင်နေရတယ်လို့ လုပ်ငန်ရှင်တွေကပြောပါတယ်။

“တရုတ်နှစ်ကူးမှာ ပို့ဖို့အတွက် ကြိုစုထားတဲ့ ကဏန်းတွေ ဈေးကွက်ပျောက်သွားတာပေါ့၊ ၁ ကီလိုကို ၂၂၀၀၀ ကျပ်ရှိတဲ့ ကဏန်းဈေးက ခုတော့ဒေသတွင်း စားသုံးသူဈေးကွက်ထဲကို ၅၀၀၀ ကျပ်နဲ့ ချရောင်းပေးနေရတာတွေလည်းရှိတယ်၊ ဘုံလုံလို့ခေါ်တဲ့ ကဏန်းကို အစားပြန်ကျွေးပြီး ပြန်မွေးတဲ့လူတွေလည်းရှိတယ်။ အချို့လည်း ပြန်လွှတ်တာတွေလုပ်တယ်” လို့ ပုသိမ်မြို့က ကဏန်းကုန်သည် ဦးမျိုးဝင်းက ဒီဗွီဘီကိုပြောပါတယ်။ ပုစွန်နဲ့ငါးဟောက်တို့ကို ဒေသတွင်းဈေးတွေထဲမှာ ရောင်းချနေရတာတွေရှိနေပြီး ငါးရှဉ့်ကိုတော့ ဒေသတွင်းဈေးတွေထဲမှာ ရောင်းချနေရတာတွေအပြင် အစားကျွေးပြီး မွေးရတာတွေလည်းရှိတယ်လို့ လုပ်ငန်းရှင်တွေကဆိုပါတယ်။

ရောဝတီတိုင်းက ရေထွက်ပစ္စည်းတွေကို လေယာဉ်လိုင်းနဲ့ ကုန်လမ်းခရီးဖြင့် ရန်ကုန်နဲ့ မူဆယ်မြို့တွေကနေ ပို့ဆောင်တာတွေ ပြုလုပ်နေပြီး ယခင်က မူဆယ်လမ်းကြောင်းနဲ့တင်ပို့ချိန်မှာ လမ်းခရီး လုံခြုံရေးကြောင့် မကြာခဏ ရပ်တန့်ခဲ့ပေမဲ့ အခုတခါ အကန့်အသတ်မရှိ ရပ်တန့်လိုက်တာကြောင့် လုပ်ငန်းရှင်ရော အလုပ်သမားတွေပါ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာလို့ လုပ်ငန်းရှင်အများစုကပြောပါတယ်။ တရုတ်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လာပြီးနောက်ပိုင်း တရုတ်-မြန်မာနယ်စပ်၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးကို ဇန်နဝါရီ ၂၂ ရက်နေ့စတင်ကာ တာဝန်ရှိသူတွေက ပိတ်ထားခဲ့တာပါ။

**Source:** http://burmese.dvb.no/archives/370285

## တရုတ်နိုင်ငံသို့ လာအိုနိုင်ငံမှပို့ကုန်များ ပုံမှန်အတိုင်း ဆက်လက်တင်ပို့လျက်ရှိ

တရုတ်နိုင်ငံတွင် နိုဗယ် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသော်လည်း လာအိုနိုင်ငံမှ တရုတ်သို့တင်ပို့သည့် ပို့ကုန်များမှာ ပုံမှန်အတိုင်း ဆက်လက်စီးဆင်းနေကြောင်း Vientiane Times လာအိုနေ့စဉ်သတင်းစာက ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ဖော်ပြထားသည်။ လာအိုနိုင်ငံအနေဖြင့် ဗိုင်းရပ်စ်ရောဂါ စတင်ဖြစ်ပွားကတည်းက ပို့ကုန်သမားများထံမှ ပို့ကုန်အပေါ် သက်ရောက်မှုရှိသည်ဟူသော သတင်းများ လက်ခံရရှိခြင်းမရှိကြောင်း လာအို စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ဌာနအရ သိရသည်။

၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ခန့်မှန်းခြေ စုစုပေါင်း ပို့ကုန်တန်ဖိုး ဒေါ်လာ ၁,၅၁၀ သန်း ရှိခဲ့ပြီး သွင်းကုန်တန်ဖိုး ဒေါ်လာ ၉၈၅ သန်း ရှိခဲ့သည်။

လာအိုနိုင်ငံက တရုတ်နိုင်ငံသို့ အဓိကအားဖြင့် သံကြမ်း၊ ရာဘာနှင့် ရာဘာထွက်ကုန်များ၊ ကြေးနီနှင့် ကြေးနီထွက်ကုန်များ၊ ငှက်ပျောသီး၊ ပြောင်းဖူးများနှင့် မြေသြဇာများတင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် အပိုပစ္စည်းများ၊ စက်မှုနှင့်လျှပ်စစ်ကိရိယာများနှင့် သံမဏိစသည်တို့အား တင်သွင်းခဲ့သည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် လာအိုနိုင်ငံ၏ အကြီးဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်ပြီး ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို ကမ္ဘာ့ဘဏ်ကလျှော့ချ




ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချပြင်ဆင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ်မာ ပတ်စ်က ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ပြောကြားခဲ့ သည်။

၂၀၁၉ ခုနှစ်က ကမ္ဘာ့စီးပွားရေး ကျဆင်းမှုအတွက် အဓိကအကြောင်း တစ်ခုဖြစ်ခဲ့သော အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲသည် တင်းမာမှုလျော့ကျသွားခဲ့သောကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု ဦးမော့မည်ဟု ကမ္ဘာ့ဘဏ်က ပြီးခဲ့သည့်လတွင်ခန့်မှန်းခဲ့သည်။ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက် ဖြစ်ပွားမှုက စီးပွားရေးလုပ်ငန်းများကိုသက်ရောက်ခဲ့ပြီး ကမ္ဘာ့ဘဏ်၏ ခန့်မှန်းမှုအတွက် ခြိမ်းခြောက်မှု ဖြစ်လာခဲ့သည်။ ကုန်ထုတ်လုပ်ဖြစ်စဉ်တွင် သက်ရောက်မှုနှင့် တရုတ်တွင် သက်ရောက်မှုများကြောင့် ၂၀၂၀ ပြည့်နှစ် ပထမလ များအတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ်မာပတ်စ်က ပြောကြားခဲ့သည်။

"ခရီးသည်တင်လေယာဉ်တွေနဲ့ ကျန်ကမ္ဘာအနှံ့ကို တရုတ်ကုန်စည်တွေ ရောက်ရှိနေတာပါ" ဟု မာပတ်စ်က ပြောကြားခဲ့သည်။ သို့သော်လည်း ကမ္ဘာတစ်ဝန်းမှ လေကြောင်းလိုင်းများသည် တရုတ်နိုင်ငံသို့ ဝင်ထွက်ပျံသန်းမှုများအား ဆိုင်းငံ့ထား

ကြသည်။ ထို့ပြင် တရုတ်၏အိမ်နီးချင်းများက နယ်စပ်များကို ပိတ်ဆို့ထားကြသဖြင့် ကမ္ဘာ့စီးပွားရေးတစ်ခုလုံးအတွက် ထုတ်ကုန်များစီးဆင်းမှုကို ပြန်လည်ချိန်ညှိရန် လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးသည် ယမန်နှစ်က ၂.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ယခုနှစ်တွင် ၂.၅ ရာခိုင်နှုန်းတိုးတက်မည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားခဲ့သည်။ ကမ္ဘာ့စီးပွားရေး အလားအလာကို ဆွေးနွေးရန်အတွက် မားပတ်စ်သည် အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း ဂျာနက်ယဲလင်နှင့် ဆွေးနွေးခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကျဆင်းနိုင်သည်ဟု ယဲလင်က သဘောတူလက်ခံထားသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်စီးပွားရေးသည် သုံးလမှခြောက်လအထိ ထိခိုက်နိုင်ပြီး ကမ္ဘာ့စီးပွားရေးကိုလည်း သက်ရောက်ရန် သေချာသလောက်ဖြစ်ကြောင်း ယဲလင်ကပြောကြားခဲ့သည်။ ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုနှင့်တုံ့ပြန်မှု စနစ်များအားခိုင်မာစေရန် ကမ္ဘာ့နိုင်ငံများအား ကမ္ဘာ့ဘဏ်က နိုးဆော်ထားပြီး ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက်ကူညီရန် ကြိုးပမ်းနေကြောင်း ပြောကြားထားသည်။

ယင်းဗိုင်းရပ်စ်ကြောင့် တရုတ်က နိုင်ငံတစ်ဝန်း ခရီးသွားလာမှုများကန့်သတ်ခြင်း၊ ခရီးသွားဆွဲဆောင်နေရာများ ပိတ်ထားခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများ၊ ဖျော်ဖြေရေးနေရာများပိတ်ထားခြင်းတို့ မကြုံစဖူး ဆောင်ရွက်ခဲ့သည်။ အမေရိကန်နှင့်ကုန်သွယ်ရေးစစ်နှင့် နိုင်ငံရပ်ခြားဝယ်လိုအားကျဆင်းခြင်းတို့ကြောင့် စီးပွားရေးနှေးကွေးနေမှုကို ရင်ဆိုင်ဖြေရှင်း နေချိန်တွင် ဗိုင်းရပ်စ်အကျပ်အတည်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နှစ်သစ်ကူးအားလပ်ရက်ကို သုံးရက်ထပ်တိုးပိတ်ခဲ့ပြီးနောက် လုပ်ငန်းများ ပြန်လည်လည်ပတ်ရန် တရုတ်ကရုန်းကန်နေရသည်။ ကုန်ထုတ်လုပ်မှုသည် တရုတ်စီးပွားရေး၏ သုံးပုံတစ်ပုံခန့်ရှိပြီး ကားလုပ်ငန်းသည် ကြီးကြီးမားမားထိခိုက်ဖွယ်ရှိသည်။ ဝူဟန်သည် တရုတ်၏ကားထုတ်လုပ်ရေး ဗဟိုချက်ဖြစ်သည်။

**Source:** https://news-eleven.com/article/158069

## အီးယူမှ ဗြိတိန်ထွက်ခွာမည့်ကိစ္စ(Brexit) အကူးအပြောင်းကာလအတွင်း ဗြိတိန်သည် အီးယူ-စင်ကာပူ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိမည်

၃၁.၁.၂၀၂၀ ရက်နေ့တွင် ဗြိတိန်ကအီးယူမှထွက်ခွာမည့်ဆုံးဖြတ်ချက်ကို စင်ကာပူအစိုးရအနေဖြင့် မှတ်သားထားရှိကြောင်း၊ ၁.၂.၂၀၂၀ ရက်နေ့မှ ၃၁.၁၂.၂၀၂၀ ရက်နေ့အထိကာလသည် အီးယူမှဗြိတိန်ထွက်ခွာမည့်ကိစ္စ (Brexit) အကူးအပြောင်းကာလဖြစ်ကြောင်းကို အီးယူနှင့်ဗြိတိန်တို့က စင်ကာပူအပါအဝင် ၎င်းတို့၏ကုန်သွယ်ဖက်နိုင်ငံများသို့ အသိပေးအကြောင်းကြားလာခဲ့ကြောင်း၊ ယင်းအကူးအပြောင်းကာလအတွင်း ဗြိတိန်အား အီးယူ၏အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ အဖြစ်လည်းကောင်း၊ အီးယူနှင့်ဆက်နွယ်သော နိုင်ငံတကာသဘောတူစာချုပ်များ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း မှတ်ယူသွားမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၃၀.၁.၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ အီးယူ-စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် (EU-Singapore Free Trade Agreement- EUSFTA) သည် ၂၁.၁၁.၂၀၁၉ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်သည့်အတွက် ဤစာချုပ်သည် Brexit အကူးအပြောင်းကာလအတွင်း ဗြိတိန်နိုင်ငံနှင့်လည်းသက်ဆိုင်မည်ဖြစ်ပါသည်။ ယင်းအကူးအပြောင်းကာလကုန်ဆုံး၍ ဗြိတိန်က EUSFTA နှင့် သက်ဆိုင်မှုမရှိတော့သည့် နောက်ပိုင်းကာလများတွင်လည်း စင်ကာပူနှင့်ဗြိတိန်နှစ်နိုင်ငံအကြားကုန်သွယ်မှု ဆက်လက်ပြုလုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းဖော်ပြထားပါသည်။ ဗြိတိန်နှင့်စင်ကာပူသည် ကြာရှည်ခိုင်မာသော စီးပွားရေးဆက်ဆံမှုများရှိကြောင်း၊ Brexit အကူးအပြောင်းကာလသည် ဗြိတိန်နှင့်အတူ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေကြသည့် စင်ကာပူစီးပွားရေးလုပ်ငန်းများအတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆက်လက်ဆောင်ရွက်နိုင်စေရန် သေချာမှုရှိသည့် အခြေအနေကိုဖန်တီးပေးပါကြောင်း၊ အနာဂတ်ကာလများတွင် နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုများ ပိုမိုခိုင်မာနက်ရှိုင်းလာစေရေးအတွက် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများကိုပြုလုပ်သွားမည်ဖြစ်ပါကြောင်း စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Chan Chun Sing က ပြောကြားပါသည်။

**Source: စီးပွားရေးသံမှူး-စင်ကာပူ**

# STOCK EXCHANGE (6.2.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 6th Feb. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 3,905 | 43,068,500 | 27,112,747 | 298,240 |
| MTSH | 00002 | 4,100 | +100 | +2.50% | 4,000 | 4,100 | 4,000 | 1,811 | 7,314,000 | 38,929,150 | 159,610 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,200 | 8,200 | 8,200 | 90 | 738,000 | 10,400,986 | 85,288 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 312 | 7,332,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 3,297 | 9,396,450 | 12,823,224 | 36,546 |

## Market summary

As of 6th Feb. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 465.76 | +1.32 | +0.28% | 472.82 | 472.82 | 462.92 | 9,415 | 67,848,950 | 5 | 637,777 |

### Index chart




## Market Overview

As of 1:00 pm, 6th Feb. 2020

| MYANPIX | 465.76 ▲ 1.32 |
|---|---|
| Total Volume (shares) | 9,415 |
| Total Value (MMK) | 68 mil |
| Listed Company | 5 |
| Market Cap. (MMK) | 637,777 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 4,100 | ▲ 100 |
| MCB | 00003 | 8,200 | ▼ 200 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |